လာပို့ကျေးရွာ

ကျေးရွာပို့ဖြိုးရေးစီမံကိန်း

ယင်းမာပင်မြို့နယ်



ကျေးရွာပို့ဖြိုးရေးစီမံချက် (၂၀၁၈ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာပို့ဖြိုးရေးကော်မတီ

လာပို့ကျေးရွာ၊ ယင်းမာပင်မြို့နယ်


(နို့က်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသပို့ဖြိုးတိုးတက်ရေးဦးစီးဌာန က ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဧပြီ လ

လာဘို့ကျေးရွာ အခြေပြမြေပုံ

ယင်းမာပင်မြို့နယ်



မာတိကာ

အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာနှင့် ပထဝီအနေအထား

(၂) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

(၃) ဖွံ့ဖြိုးမှုဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(၆) ပညာရေး

(၇) ကျန်းမာရေး

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

(၉) ကျား၊မရေးရာ

(၁၀) ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁၀) လူမှုစီးပွားရေးအခြေအနေ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) စီမံကိန်းဇယားများ

(၁၁) ဇယား ၁ လူဦးရေးနှင့် လူဦးရေးဆိုင်ရာအချက်အလက်များ

(၁၂) ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

(၁၃) ဇယား ၃ လုပ်ငန်းနှင့် ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား

(၁၄) ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

(၁၅) ဇယား ၅ ခါတ်သတ္တုပစ္စည်းနှင့် အခြားသဘာဝရင်းမြစ်များ

(၁၆) ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

(၁၇) ဇယား ၇ ဝမ်းစာဖူလုံမှု

(၁၈) ဇယား ၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

(၁၉) ဇယား ၉ ကျေးရွာ၏ ထိခိုက်လွယ်သက်ရောက်လွယ်မှု အခြေအနေ

(၂၀) ဇယား ၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

(၂၁) ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

(၂၂) ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ

(၂၃) ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
(၂၄) ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
(၂၅) ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
(၂၆) ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

J

(၂၇) ဇယား ၁၇ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ
(၂၈) ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
(၂၉) ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
(၃၀) ဇယား ၂၀ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
(၃၁) ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
(၃၂) ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
(၃၃) ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
(၃၄) ဇယား ၂၄ ရွှေ့ပြောင်းသွားလာပုံ၊ ပုံစံနှင့် အချိန်ကာလ
(၃၅) ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
(၃၆) ဇယား ၂၆ ရှုံ့ပွေ့ဧရိယာလုပ်ကိုင်သူမြေမဲ့ပွားပုံနှုန်း
(၃၇) ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊စျေးကွက်လက်လှမ်းမီမှု အခြေအနေ
(၃၈) ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
(၃၉) ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
(၄၀) ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်ဘုတက်ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
(၄၁) ဇယား ၃၁ ကျောင်းတက်နှုန်း
(၄၂) ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
(၄၃) ဇယား ၃၃ ပညာရေးနှင့်အခကျအခဲနှစ်ခုမြှောမြင်း
(၄၄) ဇယား ၃၄ အဖြစ်များသော ရောဂါများ
(၄၅) ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှု
(၄၆) ဇယား ၃၆ ကန္ဒြးမာရေး အထောကျအပံ့နှင့်ဘဝနျဆောငျရွက်မှုမြင်း

(၄၇) ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
(၄၈) ဇယား ၃၈ အိမ်သာအမျိုးအစား
(၄၉) ဇယား ၃၉ ကြိုး-မ ရေးရာ
(၅၀) ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
(၅၁) ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
(၅၂) ဇယား ၄၂ ရက္ကဆေဒျး သယျယူပို့ဆောဒျရေး
(၅၃) ဇယား ၄၃ သယျယူပို့ဆောဒျရေးယာဥ်မြင်း
(၅၄) ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

၃

(၅၅) ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
(၅၆) ဇယား ၄၆ ယဉ်ကြေးမှုန်ဒျလူငယျဖှံ့ဖြိုးရေးအခွအေန
(၅၇) ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
(၅၈) ဇယား ၄၈ မှုခဒျုးဖွစျဟုးမှု အခွအေန

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်မှ (၂၀၂၂-၂၀၂၃)ဘဏ္ဍာရေးနှစ်ထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့၏ လာပို့ကျေးရွာ၏ ကျေးရွာသူ/ သားများပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိ ပါသည်။

အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာခွဲအုပ်ချုပ်ရေးမှူးနှင့် ယင်းမာပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး၊လုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်အချင်းချင်း တိုင်ပင်ဆွေးနွေးအဖြေရှာရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ဆောင်ရွက်ပေးခဲ့သည့် ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲသို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သည့်နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထိုအပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိမည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု ပေါ်ပေါက်လာမည့် အခက်အခဲများ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုဆောင်းဆောင်ရွက်နိုင်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ယင်းမာပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ယင်းမာပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ

ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၅

ဤစီမံကိန်းတွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်တို့ ပါဝင်ပါသည်။အကောင်အထည်ဖော်မည့် ဗျူဟာ ဦးစားပေးလုပ်ငန်းအစီစဉ်များ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာ အချက်အလက် အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေး စိတ်အချက်အလက်များ ပါဝင်ပါသည်။

၈ပြီလ၊၂၀၂၀ ပြည့်နှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လာဘို့ကျေးရွာ
ယင်းမာပင်မြို့နယ်

အပိုင်း(က) ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် အကျိုးအကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ပြည်တွင်း / ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏာန်း၊သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏာန်း၊သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ဖွံ့ဖြိုးရေး အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်သော အချက်များ(၅)နှစ်ကာလအတွင်းတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ စီမံချက်ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့အပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်ဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်ဆံရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်တိုင်းအဆင့်၊ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ပုဂ္ဂလိကကဏ္ဍများအတွက် အသုံးဝင်မှုများအနေ

ဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်နှင့် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ

အနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာ နိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များ သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေး နှင့် ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

(ခ) စီမံကိန်း၏လွှမ်းမိုးသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုတွင် ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သော ငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာဦးစားပေးစီမံချက်များ ချမှတ်ခဲ့ကြသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေသော ဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများ ရှိနေပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေး လိုအပ်ချက်အား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ(က)တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

လာဘို့ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်တွင်

တည်ရှိပါသည်။ လာပို့အုပ်စုတွင် ပါဝင်ပြီး ယင်းမာပင်မြို့၏ အနောက်ဘက်(ဖ)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ကျွန်ုပ်တို့၏ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လျှက်ရှိပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းဒေသဖြစ်သောကြောင့် နှစ်စဉ်ရွာသွင်းသော မိုးရေချိန်မှာ (၃၀)မှ(၄၀)လက်မကြား ရသောဒေသဖြစ်သည်။ ကျေးရွာရှိ စိုက်ပျိုးသီးနှံများကို မိုးရေ၊ ရေလျှံတွင်း(မြေအောက်ရေ)နှင့် သဘာဝစိမ့်စမ်းရေတို့ဖြင့် အဓိကထားစိုက်ပျိုးကြပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

သဘာဝပေါက်ပင်များမှာ ထန်း၊ မန်ကျည်း၊ တမာ၊ ဇီး၊ ကုက္ကို၊ရှား၊ ထနောင်းနှင့် ဆူးဖြူ အစရှိ သော

အပင်များပေါက်ရောက်သည်။ စိုက်ပျိုးနိုင်သော လယ်(၃၂၇)ဧက၊ ယာမြေ(၆၈၁)ဧကနှင့် ကိုင်းမြေ(၂၉)ဧက မြေပဲ၊ နှမ်း၊ ပဲစိမ်းငုံ၊ ကုလားပဲ၊ ဂျုံ၊ စပါး၊ ငရုတ်၊ မီးဖိုချောင်သုံးဟင်းသီးဟင်းရွက် စသည့်တို့ကို စိုက်ပျိုးကြပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၃၆)ရှိပြီး ကျား(၅၉၄)ဦး၊မ(၆၂၈)ဦး စုစုပေါင်း(၁၂၂၂) ဦး နေထိုင်ကြပါသည်။တစ်အိမ်လျှင် ပျမ်းမျှ(၅)ဦးနှုန်း နေထိုင်ကြပြီး ဗမာလူမျိုးများသာဖြစ်ကြသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူ(၁၅နှစ်မှ၆၀နှစ်) ကျား(၄၁၈)ဦး၊ မ(၄၃၈)ဦးရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။ ကျေးရွာတွင်ကူလီအလုပ်သမားများသည် သင့်တင့်သော နေ့စားလုပ်ခကို ရရှိကြသည်။ တောင်သူများသည် စပါး၊ ကုလားပဲ၊မြေပဲ၊နေကြာ၊ ပဲစိမ်းငုံ၊ ဟင်းသီးဟင်းရွက် စသော သီးနှံများ စိုက်ပျိုးရရှိပြီး စီးပွားရေး အဆင်ပြေကြသည်။

ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၆၄)သည် ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုအဆင့်များသည်(၄၀)ဖြစ်ပြီး ချမ်းသာသည့်အဆင့် (၄၀) နှင့် အလယ်အလတ်အဆင့်သည် (၇၀) ရှိကြသည် ဟုသတ်မှတ်ကြသည်။ ကျေးရွာလယ်ယာမြေပိုင်ဆိုင်မှု မြို့ပြဧရိယာ လက်လမ်းမှီမှု၊ခေတ်နှင့်အညီ တိုးချဲ့စိုက်ပျိုးမှုတို့ကြောင့် ကျေးရွာ၏စီးပွားရေးအနေအထားမှာ အသင့်အတင့် ရှိမည်ဟု ပြောရနိုင်ပါသည်။ ကျေးရွာ၏ စားဝတ်နေရေးမှာ အမျိုးမျိုးသောလုပ်ငန်းများဖြင့် ပြေလည်အောင် ဖြေရှင်းကြရသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင် မြေယာမဲ့ဆင်းရဲသားအိမ်ထောင်စု(၄၀)စုရှိပြီး အဓိကဝင်ငွေလုပ်ငန်းမှာ ကျပန်းနေ့စားလုပ်ငန်းနှင့် ရောင်းဝယ်ရေးလုပ်ငန်းများသာ လုပ်ကိုင်ကြရသည်။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊လက်လီ၊ခေါင်းရွက်၊ပေါင်းနှုတ်၊ပေါင်းပေါက်စသော တစ်နိုင်တစ်ပိုင်လုပ်ငန်းများကိုလည်း ဝင်ရောက်လုပ်ကိုင်ကြရသည်။ကျေးရွာ၏ဝမ်းစာဖူလုံမှုကို စစ်တမ်းကောက်လယ်၊ ယာမြေမရှိသော အိမ်ထောင်စု(၄၀)စုကို တွေ့ဆုံမေးမြန်းပြီး စစ်တမ်းကောက်ယူပါသည်။ ထိုသို့စစ်တမ်းကောက်ယူမှုတွင် အချိန်နှင့်အခြေအနေအရ မပြေလည်လျှင် မပြေလည်သလိုချေးငှားစားသုံး နေကြရပါသည်။

ကျေးရွာသည်မြေပြန့်ဒေသဖြစ်သော်လည်း သစ်တောင်ယာများရှိသောကြောင့် ချုံပုတ်ပေါများကာ အဆိပ်ပြင်းသော မြွေစသည့်အန္တရာယ်များ စိုးရိမ်ရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျောင်းသူ /ကျောင်းသားများသည် အများအားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး ကူးစက်

ရောဂါဖြစ်ပွားမှုမရှိသလောက် နည်းပါးပါသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွားကြောင်းတွေ့ရသည်။ ကျေးရွာသူကျေးရွာသားများသည် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ ကျေးရွာဆေးပေးခန်း မရှိသေး ပါသဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို နီးစပ်ရာဖြစ်သည့် ရင်ပေါင်တိုင်ကျေးရွာသို့ပြသရပြီး ကျေးရွာအတွင်းဆန်အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း အလုပ် အကိုင်အလျောက် အဆင်ပြေကြသောကြောင့် အိမ်ထောင်စုအားလုံး ယေဘုယျအားဖြင့် အာဟာရ ချို့တဲ့ မှုမရှိပါ။

(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသား အများစုသည် အခြေခံအရေး၊ အဖတ် ၊ အတွက် တို့ကိုတတ်မြောက်ကြပြီး တက္ကသိုလ်ဘွဲ့ရ ဦးရေ ကျား(၂၄) ဦး ၊ မ(၃၈)ဦးရှိပြီး လက်ရှိ တက္ကသိုလ်တက်ရောက်နေသော ကျောင်းသားဦးရေ ကျား(၂)ဦး ၊မ(၁၄)ဦး ရှိသည်။ ကျေးရွာတွင် အခြေခံပညာကို ကျေးရွာရှိအလယ်တန်းကျောင်းတွင် တက်ရောက် သင်ကြားနိုင် သည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသော်လည်း လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာများ လေ့လာလျှက်ရှိပါသည်။ လူငယ်၊ လူရွယ်များ အတွက် အလုပ်အကိုင် အခွင့် အလမ်းများသည် နည်းပါးဆဲဖြစ်သည်။

(စ) ကျား၊မဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား၊မတန်းတူ အခွင့်အရေးရရှိပြီး ကျေးရွာအုပ်ချုပ်ရေးလုပ်ငန်းများတွင် အမျိုးသားများက လုပ်ဆောင်ကြပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများလည်း ပါဝင်လုပ်ဆောင်ကြသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်းစသော ကိစ္စများ

ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် ကောက်စိုက်ခြင်း၊ ပျိုးနုတ်ခြင်း၊ အမျိုးသားများသည် ထွန်းယက်စိုက်ပျိုးခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဆရာတော်၏ဦးဆောင်မှုဖြင့် နွေရာသီတွင် ယဉ်ကျေးမှုပွဲတော်များ ကျင်းပကြသည်။ လယ်ယာလုပ်ငန်းများတွင် အမျိုးသမီး၊အမျိုးသားတန်းတူ လုပ်အားခရရှိကြသည်။ ကျေးရွာပညာရေးတွင် ကျား၊မတန်းတူ အခွင့်အရေးရရှိကြသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့များရှိသည်။ လူမှုကူညီရေးအသင်း ကျေးရွာဖွံ့ဖြိုးရေးဖွဲ့၊မိဘ ဆရာအသင်း၊ကျေးရွာဂေါပကနှင့် ဘုရားပွဲဖြစ်မြောက်ရေး အဖွဲ့တို့ရှိကြသည်။ ကျေးရွာမိဘ ဆရာအသင်းအဖွဲ့သည် ကျေးရွာအလယ်တန်းကျောင်းတွင် လိုအပ်သည်များကို ဆရာများနှင့်

ပူးပေါင်းပြီး ဆောင်ရွက်ပေးသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု ရှိသော်လည်း ဖွဲ့အစည်းဆိုင်ရာ သဘောတရားနှင့် အားနည်းကြသဖြင့် အဖွဲ့အစည်းများ အားစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ် ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ ကျေးရွာတွင်စိုက်ပျိုးသောသီးနှံမှကုလားပဲ၊ မြေပဲ၊ ပဲစိမ်းငုံ၊ နှမ်း၊ နေကြာ၊ ပြောင်းစသည် တို့ကိုအဓိက ထားစိုက်ပျိုးကြသည်။ ပျမ်းမျှထွက်နှုန်းမှာ တစ်ဧကလျှင် စပါး(၆၅)တင်း၊ ကုလားပဲ(၁၃)တင်း၊ မြေပဲ(၂၅)တင်း၊ ပဲစိမ်းငုံ(၈)တင်း၊ နှမ်း (၅)တင်း၊ နေကြာ(၉)တင်းခန့် ထွက်ရှိပါသည်။ တောင်သူအများစုသည် လုပ်ငန်းခွင်အတွက် အလုပ်သမား မ လုံလောက်မှု ပြဿနာ ရင်ဆိုင်ရတတ်သည်။ စိုက်ခင်းများတွင် ကျရောက်တတ်သော ဖျက်ပိုးများအတွက် ပိုး သတ်ဆေးနှင့်နှိမ်နင်းရေးနည်းစနစ်များကို တောင်သူများအနေဖြင့် လိုအပ်လျက်ရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်လုပ်ငန်းများ

ကျေးရွာမှ လယ်ယာမှအိမ်ထောင်စုများသည်မိသားစုဝင်ငွေရရှိရေးအတွက်စက်ချုပ်ခြင်း၊လက်လီ၊လက္ကားရောင်းဝယ်ခြင်း စသောလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျေးရွာအတွင်းမှ စိုက်ပျိုးရေးလုပ်ငန်း

များတွင် အင်္ဂါးလုပ်ကိုင်ခြင်းစသော အင်္ဂါးဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကိုလည်း လုပ်ငန်းကြသည်။ ကျေးရွာမှအချို့အိမ်ထောင်စုများသည် လယ်ယာလုပ်ငန်းများတွင် နေ့စားလုပ်ကိုင်ကြသည်။ လက်လုပ်လက်စားဖြစ်၍စိုက်ပျိုးရေးရာသီချိန်တွင်အလုပ်အကိုင်ပေါများပြီးကျန်ကာလများတွင်လုပ်ငန်းနှင့် ဝင်ငွေမမှန်ခြင်းကြောင့် စားဝတ်နေရေးခက်ခဲသည်။ လူငယ်အများစုသည် ရန်ကုန်မြို့၊မန္တလေးမြို့၊မုံရွာမြို့စသော မြို့ကြီးများ အပြင် နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်ကြသည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲရေး

ကျေးရွာတွင် သဘာဝအလျောက်ပေါက်ရောက်သော သစ်ပင်များသည်ထင်း၊ လောင်စာထုတ်ယူခြင်းကြောင့် သစ်တောပြုန်းတီးမှုရင်ဆိုင်နေရသည်။ စိုက်ပျိုးမြေများတွင် နှစ်စဉ်ဆက်တိုက်ခါတ်မြေဩဇာများ အသုံးပြုခြင်း နွားချေးနှင့်သစ်ရွက်ဆွေးစသော သဘာဝမြေဩဇာများမထည့်သွင်းနိုင်ခြင်းကြောင့် စိုက်ပျိုးမြေ များတွင် မြေဆီလွှာများ အဆင့်အတန်းကျဆင်းလာကြောင်း တွေ့ရသည်

(c) ပညာရေး၊ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အထက်တန်းပညာရေးကိုသင်ကြားနိုင်ပြီး မူလတန်းကျောင်းသားဦးရေ(၁၁၄)ဦး ၊ အလယ်တန်းကျောင်းသားဦးရေ(၆၁)ဦးရှိသည်။ အထက်တန်းကျောင်းသား စုစုပေါင်း(၃၆)ဦးရှိ ပြီး၊ ယင်းမာပင်မြို့၊ မုံရွာမြို့များတွင် တက်ရောက်ပညာသင်ကြားနေကြရသည်။ တက္ကသိုလ်ပညာသင်ကြားနေကြသူ (၁၆)ဦး ရှိပါသည်။ ကျေးရွာမိဘဆရာအသင်းရှိပြီး ကျေးရွာပညာရေးတိုးတက်ရေးအတွက် ကျောင်းအသုံးအဆောင်ပရိဘောဂများ ဖြည့်တင်းပေးခြင်း၊ ကျောင်းဆရာများနေထိုင်ရန် စီမံပေးခြင်းစသော

ကိစ္စများကို မိဘဆရာအသင်းမှ ဆောင်ရွက်ပေးသည်။ ကျောင်းသုံးပရိဘောဂလုံလောက်ပြီး ဆရာ/ဆရာမဦးရေနှင့် စာ သင်ကျောင်းဆောင်လုံလောက်မှုမရှိပါ။

ကျေးရွာတွင် ဆေးပေးခန်းရှိပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့်အရေးပေါ်လူနာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်သကဲသို့ကလေးသူငယ်များအတွက်လည်းကာကွယ်ဆေးတိုက်ကျွေးခြင်း အစီအစဉ်များ ရရှိပါသည်။ ကျေးရွာနှင့် မိုင်(၂၃)ဝေးသော မုံရွာဆေးရုံကြီးတွင်လည်း ဆေးကုသမှုခံယူနိုင်ပါသည်။ သောက်သုံးရေအတွက် အိမ်ထောင်စုများသည် ကိုယ်ပိုင်အဝိစိတွင်းများမှ ရေကိုသောက်သုံးကြပါသည်။ ပတ်ဝန်းကျင် သန့်ရှင်းရေးတွင် ညစ်ညမ်းမှုမရှိဟု ပြောရလောက်အောင် သန့်ရှင်းနေပါသည်။

(စ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု (လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး)

ကျွန်ုပ်တို့ကျေးရွာမှ စီးပွားရေး၊လူမှုရေးအမျိုးမျိုးဖြင့် ဆက်သွယ်သောမြို့မှာ မုံရွာမြို့ဖြစ်ပြီး ချင်းတွင်းတံတားကိုသာ ဖြတ်ကျော်ရပြီး လမ်းတွင်မပြောပလောက်သော တံတားငယ်များရှိသည်။ လျှပ်စစ်

မီးလင်းရေးအနေဖြင့်ကျေးရွာတွင်လျှပ်စစ်မီးရရှိရန် တက်ကြွစွာကြိုးပမ်းနေကြဆဲဖြစ်သည်။ ဆက်သွယ်ရေးလိုင်းအနေနှင့်အုပ်စုကျေးရွာတွင်တာဝါတိုင်များတပ်ဆင်ထားသဖြင့်ဆက်သွယ်ရေးလိုင်းကောင်းမွန်ပါသည်။

(ဆ) ရပ်ကွက်အေးချမ်းသာယာနေ့နှင့် လုံခြုံရေး

လာပို့ကျေးရွာသည် လာပို့ကျေးရွာအုပ်စုတွင်ပါဝင်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးအတွက် ရပ်မိရပ်ဖများနှင့်ပူးပေါင်း၍ စီမံအုပ်ချုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သည်။ လုံခြုံရေးအတွက် ကြီးမားသောရာဇဝတ်မှုများမရှိ အေးချမ်းသာယာလျက်ရှိပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေနေကောင်းများ၊ အဟန့်အတားများနှင့်စိန်ခေါ်မှုများ

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများ

ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး လယ်ယာမြေများသည် မြေဆီဩဇာအသင့်အတင့်ကောင်းမွန်သောကြောင့် ပြောင်း၊ ပဲစိမ်းငုံ၊ မြေပဲ၊ ကုလားပဲစသည့်သီးနှံများ စိုက်ပျိုးနိုင်ကြသည်။မျိုးကောင်း၊ မျိုးသန့်နှင့်ဈေးကွက်သေချာမှုရရှိနိုင်ရန် ယခုထက်ပိုမို၍ အထွက်တိုးနိုင်ရန် အလားအလာကောင်းများရှိသည်။

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျွန်ုပ်တို့ကျေးရွာ၏ လက်ရှိမွေးမြူရေးမှာ အိမ်တွင်း ကြက်၊ဝက်၊နွားများသာရှိပြီး စီးပွားရေးအဖြစ်မွေးမြူခြင်းမရှိသေးပါ။လက်ရှိစိုက်ပျိုးမြေကေမှာ အသင့်ရှိသော်လည်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်မှု နည်းပါးသည်။သီးနှံများတိုးတက်ထုတ်လုပ်နိုင်ရန်အတွက်မျိုးကောင်းမျိုးသန့်ရရှိရေး ဖျက်ပိုးရောဂါကာကွယ်နှိမ်နင်းနည်းများ၊ စိုက်ပျိုးရေးစနစ်တကျနည်းစနစ်များနှင့် ဝန်ဆောင်မှုများ လိုအပ်လျက်

ရှိသည်။ လျှပ်စစ်မီးလင်းရေးအတွက်လည်း လိုအပ်လျက်ရှိပြီး ကျေးရွာမှ ကြိုးစားလျက်ရှိပါသည်။နွား၊သိုး၊ဆိတ်၊ဝက်၊ကြက်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် သက်သာသော အတိုးနှုန်းဖြင့် ရင်းနှီးငွေရရှိရန် လိုအပ်နေခြင်းစသော ကျေးရွာ၏ အဓိကကျော်လွှားရမည့် အဟန့်အတားများဖြစ်ပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ လာဘို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျ အားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲ ကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင် ရောက်ရှိရေးအကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

(က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ/သားများ ဝင်ငွေတိုးတက်ရေး၊တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့်ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ကျေးရွာတွင်လမ်းများ ကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့်ကုန်စည်ကူးသန်းသွားလာရေးကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရမည်။

(၂) ကျေးရွာမှ တောင်သူလယ်သမားများသည် သီးနှံမျိုးကောင်းမျိုးသန့်များ ဆောင်ရွက်ခြင်းဖြင့် သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး စီးပွားရေး အဆင့်အတန်း မြင့်မားလာစေရမည်။

(၃) အတိုးသက်သာစွာဖြင့် ချေးငွေရရှိပြီး မွေးမြူရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/သားတို့၏ ဝင်ငွေတိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရမည်။

(ခ) နည်းဗျူဟာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကူညီပံ့ပိုးမှုကို ရယူမည်။ ငွေကြေး၊နည်းပညာဝန်ဆောင်မှုစသော အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ချေးငွေရရှိအောင်ဆောင်ရွက်ပြီး မွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်မည်။ ကျေးရွာတွင် အရင်းအနှီးငွေနည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး၊စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းများနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များရင်းနှီးငွေရရှိနိုင် အခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။အရင်းအနှီးငွေရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေးနည်းပညာသင်တန်း၊မွေးမြူရေးနည်းပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ရောက်သူများမှရရှိထားသော နည်းပညာများကို ကျောင်းသူ/သားများအားမျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းခွင်များတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

(ဂ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြောင်း အစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရမူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရဤအခန်းကို ပြုစုဖော်ပြထားသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ထိုမှတဆင့် ကျွန်ုပ်ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာန

များနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ကျွန်ုပ်တို့ ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင်အားထုတ် လုပ်ကိုင်ရရှိခဲ့မှု များကို ပြန်လည်စိစစ်ခြင်း ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည် သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

လာဘို့ကျေးရွာ၏ လိုအပ်ချက်တစ်ခုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရလုပ်ငန်း များ အတွက် လုံလောက်သောချေးငွေများ ရရှိမှုကလည်း အဓိကဖြစ်ပါသည်။ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံနှင့် ဆောင်းသီးနှံများ အတွက် (ကာလအတိုးချေးငွေ)တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေ သောကြောင့် အခြားသီးနှံစိုက်ပျိုးသူ တောင် သူများအတွက် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေ များ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/ သားများ လိုအပ်သော ချေးငွေများထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင် သတ်မှတ် ချက်များကို လျော့ချ ပြီး ဒေသလိုအပ်ချက်များနှင့်အညီ ပြောင်းလဲသင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

လာဘို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ် သူများ၏ ဈေးကွက်ဆိုင်ရာသဘောသဘာဝများ သိရှိမှုအားနည်းခြင်းနှင့် အရည်အသွေးကောင်မွန်သော လုပ်ငန်းများ ရရှိရေး ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင်ဖြစ်သည်။မုံရွာမြို့နှင့်ဝေးကွာသော အားသာချက်ကို အမှီ ပြု၍ ဒေသထွက်ကုန်များကို သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် သက်ဆိုင်ရာဦးစီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပူပေါင်းလမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။

ထိုအပြင် အသက်မွေးဝမ်းကျောင်းဆိုင် နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေး ဝမ်းကျောင်းအခွင့်အလမ်းများကို ဖမ်းတီပေးရုံသာမက ကျေးရွာများ အလိုက်ပြောင်းလဲ လုပ်ကိုင်သော

လိုအပ်သော လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များကို စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေ

အစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ချေအထိ လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါသည်။စီမံကိန်း(၅)နှစ်ကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါသည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် (၅)နှစ်ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရေးဆွဲထားသည့်ဦးစားပေးစီမံချက်များမှာပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။သို့ဖြစ်၍ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃)နှစ်ကျော်လာချိန်တွင်စီမံကိန်း(၅)နှစ်ကာလအတွင်းဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသောသဘာဝဘေးအန္တရာယ်သက်ရောက်မှုများ မရှိခဲ့လျှင် (၅)နှစ်တာ ဖွံ့ဖြိုရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလည်မှုရှိမည်မဟုတ်သော်လည်း စီမံကိန်း(၅)နှစ်ကာလအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

(ဃ) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

ဆောင်ရွက်သည့် စီမံချက်နှင့် စီမံချက် ဘတ်ဂျတ်သည် (က)မည်သည့်ကဏ္ဍအောက်တွင် (ဥ ပမာ-စိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍ)စသည့်၊(ခ)မည်သည်ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်စသည့်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း

စီမံချက်ဘတ်ဂျတ်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

- ❋ သာမန်အသုံးစရိတ် (ဥ ပမာ- လစာ၊နေ့တွက်စရိတ်၊လုပ်ငန်းလည်ပတ်စရိတ်၊ငှားရမ်းခစသည်များ)
- ❋ ငွေလုံး၊ငွေရင်းအသုံးစရိတ် (ဥ ပမာ- လစာ၊ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသော ရင်းနှီးမြှုပ်နှံမှုများ)
- ❋ စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ်(ဥ ပမာ-ဆွေးနွေးပွဲ၊သင်တန်းစသည့်အသုံးစရိတ်)
- ❋ လူသားချင်းစာနာမှုအထောက်အပံ့

(ခ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်

သည့်လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ယင်းလုပ်ငန်းများအတွက် တက်ရောက်သူကျေးရွာသူ/သား အုပ်စု(၅)စုထဲမှ (၁၀)ဦးက ဦးစားပေးရမည့်စီမံချက်ကို အမှတ်ပေးကြသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအသေးစိတ်အထောက်အပံ့များကိုမြို့နယ်အဆင့်အစိုးရဌာနနှင့်အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန်လိုအပ်ပါသည်။

(ဂ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုမှ ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ရေးဆွဲထားပါသည်။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလကို နှစ်စဉ်ရေးဆွဲပါမည်။ကျွန်ုပ်တို့ရေးဆွဲသည့်စီမံကိန်းများကို အောက်ပါဇယားတွင်ဖော်ပြထားသည်။

စီမံကိန်း

(၁) လျှပ်စစ်မီးရရှိရေးလုပ်ငန်းဆောင်ရွက်ရန်

(၂) စာသင်ကျောင်းဆောင်သစ်ရရှိရေး

(၃) လမ်းများကို တိုးချဲ့ပြုပြင်ရေးဆောင်ရွက်ရန်

(ဃ) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက်ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကိုဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သောအကြောင်းအရာများကိုလုပ်ငန်းတစ်ခုချင်းစီအလိုက်အသေးစိတ်ဖော်ပြထားသည်။ ၎င်းထဲတွင် စီမံချက်များ၏ရည်ရွယ်ချက် အကျိုးခံစားရသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ အခြေခံအဆောက်အဦးကို ပြုပြင်ထိန်းသိမ်းမည့်ဘတ်ဂျက်နှင့် ငွေရေးကြေးရေးအစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်ငွေကြေးရရှိနိုင်မှုပေါ်အခြေခံပြီး နှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည့် ဒေသအတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်အပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှ (၅)နှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လာဘို့ကျေးရွာ

ယင်းမာပင်မြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အဦးကဏ္ဍ လမ်းပန်းဆက်သွယ်ရေး	၁။ ကျေးရွာတွင်းလမ်းများအဆင့်မြှင့်တင်ရေး	၁၀၀	၁	ကျေးရွာတွင်းရှိ ရွာတွင်းမြေသားလမ်းများကို ဂျင်းကျောက်လမ်းအဖြစ် ကျေးရွာဖွံ့ဖြိုး ကော်မတီမှ ဦးစီးပြီး ဆောင်ရွက်ပါမည်။	ကျေးလက်ဦးစီး
ကျေးရွာအဆောက်အဦးကဏ္ဍ မီးလင်းရေး	၂။ လျှပ်စစ်မီးရရှိရေး	၇၀	၂	ကျေးရွာတွင်း၀.၄လိုင်းစတင်တပ်ဆင်နိုင်မည့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးစီးပြီးဆောင် ရွက်ပါမည်။	ကျေးလက်ဦးစီး EPC
ကျေးရွာအဆောက်အဦးကဏ္ဍ ပညာရေး	၃။ စာသင်ကျောင်းအဆောင်သစ်ဆောက်လုပ်ရန် လိုအပ်ခြင်း	၆၀	၃	အလယ်တန်းကျောင်းခွဲသစ် ဖွင့်လှစ်သည့် အတွက်ကျောင်းသားဦးရေများပြားလာခြင်း ကြောင့်ကျောင်းဆောင်သစ်ဆောက်လုပ်နိုင် ရေးဆောင်ရွက်သွား မည်။	ကျေးလက်ဦးစီး ပညာရေး
ကျပန်းလုပ်ကိုင်ခြင်း ကဏ္ဍ သက်မွေးလုပ်ငန်း	၄။အသက်မွေးဝမ်းကျောင်းသင်တန်း(ခြင်းယက်) ဖွင့်လှစ်ပေးခြင်း	၅၀	၄	ကျေးရွာသူ/သားများတစ်ပိုင်တစ်နိုင်စီးပွား ရေး အခွင့်အလမ်းများလုပ်ကိုင်ောင်ရွက်နိုင် ရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည်။	ကျေးလက်ဦးစီး
နည်းပညာကဏ္ဍ အခြေခံကွန်ပျူတာ	၅။ကွန်ပျူတာအြြေခံသင်တန်း ဖွင့်လှစ်ပေး ခြင်း	၄၅	၅	ကွန်ပျူတာသင်တန်းနည်းပြများနှင့်ချိတ်ဆက် ၍ သင်တန်းဖွင့်လှစ်ပို့ချသွားမည်။	ကွန်ပျူတာနည်းပြ

လာဘို့ကျေးရွာ ဖွံ့ဖြိုးရေးမဟာဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	လျှပ်စစ်မီးလုံေ ောက် စွာမရရှိြခင်း	ရွာရဲ့ ၃/၄ ခန့်ရရှိ၍ ကျန်အိမ်များရရန်	ကျေးရွာအတွင်းသို့ လျှပ်စစ်မီးများ ရောက်နေခြင်း	လျှပ်စစ်မီးသွယ် တန်းမည်ဆိုပါက ရံပုံငွေ လုံလောက်မှု မရှိြခင်း	ကျေးလက်ဖွံ့ဖြိုး ရေးနှင့်ကျေးရွာ ပြည်သူများ ပူးပေါင်းဆောင် ရွက်ရန်	ကျေးရွာ၏အိမ်ခြေ အားလုံးရရှိရန်လျှပ် စစ် ဌာနသို့တင်ပြပေးရ န်
၂	အချိန်နှင့်တေ ြ ေးညီ ကျန်းမာရေး ကုသမှု မရရှိ၍	ကျေးလက်ဆေးပေ ား ခန်းမရှိခြင်း	ဆေးပေးခန်းဆော က် လုပ်ရန်မြေနေရာ အပြည့်အဝရှိခြင်း	ဆေးကုသမှုရရှိရန် ဆရာ/မများ မရှိြခင်း	သက်ဆိုင်ရာဌာန နှင့်ကျေးရွာနေ ပြည်သူများ ပူးပေါင်းဆောင် ရွက်ခြင်း	သက်ဆိုင်ရာဌာနမျ ားမှ ရံပုံငွေထောက်ပံ့ပြီး ကျေးလက်ဆေးပေ ားခန်း ရရှိရန်တင်ပြခြင်း
၃	လမ်းများ အသွားအလာ မကောင်းခြင်း	လမ်းများအသွား အလာနှင့်ရေစီး ကြောင်းများ မလွယ်ကူခြင်း	ကျောက်၊ သဲများ သယ်ယူရာတွင် အလွယ်တကူသယ် ယူ နိုင်ခြင်း	ငွေကြေး လုံလောက်မှု မရှိြခင်း	ကျေးလက်ဖွံ့ဖြိုး ရေးစီမံကိန်းအဖွဲ့ နှင့်ကျေးရွာပြည်သူ များပူးပေါင်းခြင်း	ကျေးရွာပြည်သူလူ ထုနှင့် (V.D.P)တို့ ပူးပေါင်း ဆောင်ရွက်ခြင်း
၄	စာသင်ကျောင် ားဆောင် ပျက်စီးယိုယွင် ားနေခြင်း ပညာရေးဌာန တွင် တင်ပြသော်လ ည်း မရရှိြခင်း	ကျေးရွာအတွင်းရှိ ကလေးသူငယ်များ ပညာရေးမြှင့်တင် စေရန်	စာသင်ကျောင်းပြုပြ ငိ ရန် ကျောက်၊ သဲများ အလွယ်တကူရနိုင်ခြ င်း	ငွေကြေးရင်းနှီး မြှုပ်နှံမှုများ မလုံလောက်ခြင်း	သက်ဆိုင်ရာဌာန သို့ရံပုံငွေရရှိရန် နှင့်ကျေးရွာမှ ပူးပေါင်းရန်	စာသင်ဆောင်ရရှိရ န် သက်ဆိုင်ရာဌာနမှ ချိတ်ဆက်ပေးရန်
၅	ဝန်ထမ်းများ လုံခြုံမှုရှိစေရန်	ပညာရေးမြှင့်တင်ရ န်	ကျောင်းဝန်းဇရိယာ ကျယ်၍ နေရာပေါ များခြင်း	ငွေကြေးအပြည့် အဝမသုံးစွဲနိုင်၍ အဆောက်အဦး ဆောက်လုပ်ရန် ခက်ခဲခြင်း	ပညာရေးဝန်ကြီးဌာ နကျေးလက်ဖွံ့ဖြိုး ရေးစီမံကိန်းအဖွဲ့ နှင့်ကျေးရွာနေ ပြည်သူများပူး ပေါင်းဆောင်ရွက် ရန်	(V.D.P) ကျေးလက်ခွဲဖွဲ့မှ ဦးစီး၍ပညာရေးဌာ နနှင့် ပူးပေါင်းဆောင်ရွ က်ပေးရန်

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၂	၇	၁၉
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၄၃	၃၄	၇၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၄	၅၃	၈၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၆၀	၄၆	၁၀၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၁၇	၄၃၈	၈၅၅
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၈	၅၀	၇၈
စုစုပေါင်း		**၅၉၄**	**၆၂၈**	**၁၂၂၂**
စုစုပေါင်း အိမ်ထောင်စု		**၂၃၆**		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စုစာရင်းကောက်ယူရာတွင် ကျေးရွာလူမှုစီးပွားရေး အခြေအနေအတော်အသင့်ရှိခြင်းနှင့် လူမှုရေးဆိုင်ရာတွင် ကောင်းမွန်စွာတွေ့ရှိခြင်းတို့ဖြစ်ပါ သည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၈၀	၂၅၀		မြင့် ☑ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၂၅	၅၀		မြင့် ☐လတ် ☑ နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၅	လက်သမား		မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၉	၂၃		မြင့် ☐ လတ် ☑ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅	ကပ		မြင့် ☐ လတ် ☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း			၅	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၄			မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၁၆	မြင့် ☐ လတ် ☑ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃			မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၃	မြင့် ☐ လတ် ☑ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း			၂၀	မြင့် ☐ လတ် ☑ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၆	မြင့် ☑ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၅၀	မြင့် ☐ လတ် ☑ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား			၁၇၅	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၂၅	မြင့် ☐ လတ် ☑ နိမ့် ☐
	စုစုပေါင်း	၂၃၆	၃၂၉	၃၂၀	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ စိုက်252525ပျိုးကိုသာအများစုလုပ်ကိုင်ကြသောကြောင့် စိုက်ပျိုးရေး အသုံးစရိတ်သည် အကုန်အကျများပြီး ထုတ်ကုန်ဈေးကွက်မှာ မကောင်းခြင်းကြောင့် အဆင် မပြေကြပါ။ အလုပ်သမားများသည်လည်း ပုံမှန်နေ့တိုင်းအလုပ် မလုပ်ရပါသောကြောင့် မိသားစုစားဝတ်နေရေးခက်ခဲစွာဖြတ်သန်းနေရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၄၀၀၀	၃၅၀၀	၂၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀		၆၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား		၅၀၀၀		
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လစာဖြင့်တာဝန်ထမ်းဆောင်သူများမှာ မိမိတို့ကျေးရွာတွင် ပညာရေးဝန်ထမ်းဆရာ/မများသာရှိ၍ အခြားပုဂ္ဂလိကကဏ္ဍ ကုမ္ပဏီစသောဌာနများ၌ တာဝန်ထမ်းဆောင်သူမရှိပါ။ အခကြေးငွေဖြင့် နေ့စားလုပ်ကိုင်နေသော အလုပ်သမားများ မှာ လက်သမား၊ ပန်းရံဆရာ-၇၀၀၀/-၊နောက်လိုက်- ၆၀၀၀/- နှုန်းလယ်ယာလုပ်ငန်းခွင် နေ့ စားများမှာ အမျိုးသားနေကုန်-၅၀၀၀/-၊ အမျိုးသမီးနေကုန်-၄၀၀၀/- နှုန်းခံစားခွင့်ရကြပါ သည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၂၇	ကောင်း ☑	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၆၈၁	ကောင်း ☐	သင့် ☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၂၉	ကောင်း ☑	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၀၃၇	☒		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ မြေလွတ်မြေရိုင်း၊ ပလပ်မြေများကျေးရွာဝန်းကျင်တွင်မရှိပါ။ ခန့်မှန်းခြေစာရင်းသာ ကောက်ယူရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
စသည်များ		အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျောက်၊ သဲ သဘာဝပေါက်ပင် နွားစာ၊ ဆေးဘက်ဝင်အပင်အချို့ ကျေးရွာတောင်သူများ ခြံစည်းရိုး ခြံခတ် မွေးမြူထားသောထင်းပင်များ ထန်းတောများ ရေမြေရာသီအလိုက် ပေါများသည့်ကာလ ရှားပါးသည့်ကာလများ ရာသီဥတုကိုလိုက်၍ အနည်းငယ်ကွဲပြားသည်မှ လွဲ၍ ယေဘုယျပြည့်စုံမှုရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၀ ဧက- ၂၅ဧက	၁၅ ဧက- ၁၈ဧက	၄ ဧက- ၅ဧက	မြေမရှိ
အိမ်အခြေအနေ	နံရံကပ်(၂)ထပ်	နံရံကပ်(၁)ထပ်	သွပ်မိုး ကပ်ကာ	ထန်းရွက်မိုးကပ်ကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ဆန်စက် (သို့) ထွန်စက်ကြီး	လက်တွန်းထွန်စက် နွားစာစဉ်းစက်	ဆိုင်ကယ်၊ နွားလှည်း	အလုပ်သမား
အဓိကစီးပွားရေး လုပ်ငန်း	လယ်ယာစိုက်ပျိုး	စိုက်ပျိုး	စိုက်ပျိုး	ကူလီ
အိမ်ထောင်စု				

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက်အရ ကျေးရွာမိသားစုများအလိုက် စီးပွားရေး မြင့်၊ လတ်၊ နိမ့် စစ်တမ်းအရ အဆင်မပြေသောအိမ်ထောင်စုဦးရေများပြားခြင်း၊ ရာသီဥတု မမှန်ကန်ခြင်းတို့ကြောင့် အဓိကစီးပွားရေးဖြစ်ကြသော လယ်ယာစိုက်ပျိုးရေး အဆင်မပြေ မှုတို့ကြောင့် အဆင်မပြေသော မိသားစုများပြားရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၈၉	အခြားအစာပြောင်းလဲစား = ___၁၀_____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____၇၉_____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၃၂	အခြားအစာပြောင်းလဲစား = _____၈_____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၂၄____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနေဖြင့် လယ်ယာမြေလုပ်ကိုင်ရန် ဧရိယာကျဉ်း မြောင်းသော်လည်း မြေအမျိုးအစားသင့်တင့်မှန်ကန်ခြင်း၊ ယမားချောင်းရှိခြင်း၊ ပတ်ဝန်းကျင် ရေမြေ သင့်တင့်ကောင်းမွန်ခြင်းကြောင့်မိသားစုဝမ်းစာဖူလုံရေးအတွက်လုပ်အားစိုက်ထုတ် လုပ်ကိုင်နိုင်သော မိသားစုများအားလုံးဝမ်းစာဖူလုံမှုအပြည့်အဝမရရှိသော်လည်း အလွန် အဆင်မပြေသော မိသားစုများ မရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိသားစုဝင်အချင်းချင်း ပြုစုစောင့်ရှောက်မှု မရှိသော မုဆိုးဖို၊ မုဆိုးမ မိသားစုများ အလွန်ဆင်းရဲသောမိသားစုများ ကျေးရွာတွင်မရှိပါ။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသူ/သားများ အိမ်ထောင်စုများစားနပ်ရိက္ခာ မဖူလုံမှုကြီးမားစွာမရှိခြင်း၊ မိုးခေါင်၊ မုန်တိုင်း၊ ငလျင်၊ မီးဘေးစသော အန္တရာယ်များ ကြီးမားစွာမကြုံတွေ့ရခြင်း၊ ကုသရန်ခက်ခဲသော ကိုယ်ခံအားကျဆင်းရောဂါ စသောရောဂါ ဆိုးများဖြစ်ပွားမှုမရှိခြင်း စသောအကြောင်းတရားများ အခြေခံသောကြောင့် ကျေးရွာအနေ ဖြင့် ထိခိုက်လွယ်မှုနည်းပါးပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
	ဒေသတွင် နေထိုင်သူ	
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အထက်ဖော်ပြပါလုပ်ငန်းများတွင် ထိခိုက်သက်ရောက်မှု ခံရသည့် သူများမှာ မရှိသလောက်နည်းပါးပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စ	အဖွဲ့အစည်း	အမျိုးအစား	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆော

ဥ်	အမည်	(မှန်ရာတစ်ခုကိုသာ ရွေးရန်)	ကျား	မ	ပေါင်း	(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	င်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	ပညာရေး	၁ ☑ ၂☐ ၃☐	၅	၂	၇	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

စဉ်	တံတား အမျိုးအစား	အရွယ်အစား (အလျား၊အနံ၊အမြင့်)	အရည် အသွေး	တည်ဆောက် ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု
၁	ရေပြွန်		ကောင်း ☐ သင့် ☐ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅လ ☐ ၅နှစ်အထက် ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐
	ရေကျော်		ကောင်း ☐ သင့် ☐ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅လ ☐ ၅နှစ်အထက် ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေသည် ရွာသား၊ရွာသူများ စည်းလုံးညီညွတ်စွာဆောင်ရွက်နေပါသည်။

လမ်းအမျိုးအမျိုးအစား	အမျိုးအစား	အရည်အသွေး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက်သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာချင်းဆက်လမ်း	၁ ☑ ၂☐ ၃ ☐ ၅☐	ကောင်း ☐ သင့် ☐ ညံ့ ☑	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅လ ☐ ၅နှစ်အထက် ☐	ပွင့်လင်းရာသီ ☑ တစ်နှစ်ပတ်လုံး ☐	၀-၁မိုင် ☐ ၁-၅မိုင် ☑ ၅-၁၀မိုင် ☐
ရေကျော်		ကောင်း ☐ သင့် ☐ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅လ ☐ ၅နှစ်အထက် ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး☐	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ မြေသားလမ်း-၁၊ ကျောက်ခင်းလမ်း-၂ ကျောက်ချောလမ်း-၃၊ ကွန်ကရစ်လမ်း-၄၊ ကတ္တရာလမ်း-၅

